JINGHPAW WUNPAWNG HKALUP HPUNG GINJAW

ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်

KACHIN BAPTIST CONVENTION

Estd. 1910

Rg. No. 34/1950-51

ရက်စွဲ - ၂၀၂၁ခုနှစ်၊ စက်တင်ဘာလ၊ ၂၀ရက်။
စာအမှတ် - 164/M-1/KBC(21)

# သဘောထားထုတ်ပြန်ခြင်း

၁။ မြန်မာနိုင်ငံနှစ်ခြင်းခရစ်ယာန်အသင်းချုပ် (MBC)၏ လူမျိုးစုနှင့် ဒေသန္တရအဖွဲ့ချုပ် (၁၈) ဖွဲ့နှင့် တိုက်ရိုက်ဆက်သွယ်သော အသင်းတော် (၂)ပါး တွင် အဖွဲ့ဝင်တစ်ပါးဖြစ်သော ချင်းနှစ်ခြင်း ခရစ်ယာန်အဖွဲ့ချုပ်(CBC)၏ ၂၀၂၁ခုနှစ်၊ စက်တင်ဘာလ၊ (၁၉) ရက်နေ့ရက်စွဲဖြင့် သဘောထား ထုတ်ပြန်ခြင်းတွင်ဖော်ပြသော အကြောင်းအရာများကို လူမှုကွန်ယက်စာမျက်နှာတွင် တွေ့ရှိရပါသဖြင့် အဖွဲ့ဝင်တစ်ပါးဖြစ်သော ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်(KBC) မှလည်း အလွန်ပင် ထိတ်လန့်ရကာ ထပ်တူထပ်မျှ ဝမ်းနည်းခံစားရကြောင်း ဖော်ပြအပ်ပါသည်။

၂။ ၎င်းထုတ်ပြန်ချက်တွင်ပါဝင်သော သင်းအုပ်ဆရာ Pastor Cung Baik Hum ၏ လူမဆန်စွာ သတ်ဖြတ်ခံရခြင်း၊ ခရစ်ယာန်ဘုရားရှိခိုးကျောင်း သာသနာနယ်မြေများရှိ အဆောက်အဦးများ ပျက်စီးစေခြင်း၊ သာသနာနယ်မြေများ လုံခြုံမှုမရှိခြင်း၊ ဓမ္မအမှုတော်ဆောင်များ၊ အသင်းသူ အသင်းသားများနှင့် ပြည်သူများအား အသက်အန္တရာယ်ကျရောက်စေခြင်းများကို သိရှိရသောကြောင့် ထိုသို့သောအပြုအမူများအပေါ် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါသည်။

၃။ ၂၀၂၁ခုနှစ် ဖေဖော်ဝါရီလဆန်းပိုင်းမှစ၍ မြန်မာနိုင်ငံ၏အခြေအနေသည် ပြည်သူများ၏ အနာဂတ်ကို လွန်စွာစိုးရိမ်မှုဖြစ်စေကြောင်းနှင့် ပြည်သူလူထုများ၏ဘဝ ဘေးကင်း၊ လုံခြုံ၊ ငြိမ်းချမ်းစွာ နေထိုင်နိုင်ရေးသည် စစ်မှန်သောအမှန်တရားဘက်မှရပ်တည်၍ ပြည်သူများ၏ ဆန္ဒနှင့် သဘောထားများကို အလေးထားဆောင်ရွက်နိုင်မှသာလျှင် ရရှိနိုင်မည်ဖြစ်ကြောင်း သဘောထား ထုတ်ပြန်ပါသည်။

"အကြောင်းမူကား ဖြောင့်မတ်သော သူတို့၏လမ်းကို ထာဝရဘုရားသိကျွမ်းတော်မူ၏။
မတရားသောသူတို့၏လမ်းသည် ဆုံးရှုံးခြင်းသို့ရောက်ရလိမ့်သတည်း"
ဆာလံကျမ်း ၁း၆

ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်(KBC)

No. 135 Shanzu (South) Myitkyina, Kachin State, Union of Myanmar
Telephone: (95-074) 23439, 23021, N/T 20256, K/S 22857, BBD 23911, Fax: (95-074) 23021
Email- 1877kbc@gmail.com; cddkbc 2003@myanmar.com.mm
Branch Office: 143 Minye Kyaw Swa Rd, Lanmadaw, Yangon Ph: 95-1-229926